# The International Criminal Court (ICC) & Myanmar

## နိုင်ငံတကာရာဇဝတ်တရားရုံး (ICC) နှင့် မြန်မာနိုင်ငံ



### အပိုင်း (၁) တရားစီရင်ပိုင်ခွင့်အတွက် ရွေးချယ်စရာနည်းလမ်းများ

*ဤအချက်အလက်စာစောင် (အပိုင်း ၁) သည် ICC အနေဖြင့် မြန်မာနိုင်ငံအတွင်း တရားစီရင်ပိုင်ခွင့် ရရှိနိုင်မည့် နည်းလမ်းများအကြောင်းကို တင်ပြထားပါသည်။ အပိုင်း ၂ သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း အနည်းဆုံး တစိတ်တပိုင်း ဖြစ်ပွားခဲ့သော ရာဇဝတ်မှုများနှင့် သက်ဆိုင်၍ ICC ၏ မျက်မှောက်ကာလ စုံစမ်းစစ်ဆေးမှုများအကြောင်းပင် ဖြစ်ပါသည်။*

### ICC ၏ တရားစီရင်ခွင့်

နိုင်ငံတစ်ခုအတွင်း ကျူးလွန်ခဲ့သော ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေး၍ တရားစွဲဆိုရန် ICC တွင် နည်းလမ်းအမျိုးမျိုး ရှိပြီး (တရားရုံးအနေဖြင့် "တရားစီရင်ပိုင်ခွင့်" ရှိခြင်း)၊ ထိုကဲ့သို့တရားစီရင်ရန် ထိုနိုင်ငံသည် ICC ၏ အဖွဲ့ဝင်ဖြစ်ခြင်း သို့မဟုတ် မဖြစ်ခြင်းအပေါ် မူတည်၍ နည်းလမ်းကွဲပြားနိုင်ပါသည်။ ICC ၏ အဖွဲ့ဝင်ဖြစ်ခြင်းဆိုသည်မှာ ICC ကို တည်ထောင်သည့် သဘောတူစာချုပ်ဖြစ်သည့် ရောမစာချုပ်၏ "အဖွဲ့ဝင်နိုင်ငံ" ဖြစ်ခြင်းကို ခေါ်ဆိုခြင်းဖြစ်ပါသည်။

အဖွဲ့ဝင်နိုင်ငံတစ်ခုတွင် ရာဇဝတ်မှုများကို ကျူးလွန်သည့် အခါ (သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခု၏ နိုင်ငံသားတစ်ဦးက ကျူးလွန်သည့်အခါ)

- အဖွဲ့ဝင်နိုင်ငံက ခုံရုံးသို့ လွှဲပြောင်းပေးနိုင်ပါသည်။
- စုံစမ်းစစ်ဆေးမှုတစ်ခုကို ICC တရားစွဲအရာရှိက ကိုယ်တိုင်စတင် ဆောင်ရွက်နိုင်သည်။ သို့မဟုတ်
- ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထိုအခြေအနေကို တရားခုံရုံးထံသို့ လွှဲပြောင်းပေးနိုင်သည်။

အဖွဲ့ဝင်နိုင်ငံ**မဟုတ်သော** နိုင်ငံတစ်ခုတွင် ရာဇဝတ်မှုများကို ကျူးလွန်သည့် အခါ (သို့မဟုတ် အဖွဲ့ဝင်နိုင်ငံမဟုတ်သော နိုင်ငံတစ်ခု၏ နိုင်ငံသားတစ်ဦးက ကျူးလွန်သည့်အခါ)

- ရာဇဝတ်မှုဖြစ်ပွားသော နိုင်ငံက သီးသန့်အခြေအနေတစ်ခုအတွက် ICC ၏ တရားစီရင်ခွင့်ကို လက်ခံကြောင်း "ကြေညာချက်" တစ်စောင်ထုတ်ပြန်နိုင်သည်။ သို့မဟုတ်
- ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထိုအခြေအနေကို တရားခုံရုံးထံသို့ လွှဲပြောင်းပေးနိုင်သည်။

ထိုကြောင့် အောက်တွင် ဆက်လက် ဖော်ပြထားသည့်အတိုင်း မြန်မာနိုင်ငံနှင့် သက်ဆိုင်၍ ICC ကို အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်ခွင့်ပြုနိုင်သည့် နည်းလမ်းများ ရှိပါသည်။

### လက်ရှိကာလစုံစမ်းစစ်ဆေးမှုများ

လက်ရှိကာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်နိမိတ်အတွင်း အနည်းဆုံးတစ်စိတ်တစ်ပိုင်း ဖြစ်ပွားခဲ့သော ရိုဟင်ဂျာပြည်သူများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို ICC က စုံစမ်းစစ်ဆေးမှုတစ်ခု ဆောင်ရွက်နေပါသည်။ ဥပမာအားဖြင့် အဓမ္မနှင်ထုတ်ခြင်း ကဲ့သို့သော ရာဇဝတ်မှုသည် လူသားမျိုးနွယ်အပေါ် ကျူးလွန်တိုက်ခိုက်သော ရာဇဝတ်မှုတစ်ခုအဖြစ် မြန်မာနိုင်ငံအတွင်း စတင်ဖြစ်ပွားခဲ့သော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်နိမိတ်အတွင်းသို့ ဆက်လက်ဖြစ်ပွားခဲ့သည်။ ထိုရာဇဝတ်မှုများ အတွက် ICC တွင် တရားစီရင်ပိုင်ခွင့် ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရောမစာချုပ်၏ အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သောကြောင့် ဖြစ်သည်။ ထိုစုံစမ်းစစ်ဆေးမှုနှင့် ပတ်သက်၍ ဤအချက်အလက် စာစောင် အပိုင်း ၂ တွင် သတင်းအချက်အလက်များကို ပိုမိုဖတ်ရှုနိုင်သည်။

### ကုလလုံခြုံရေးကောင်စီက လွှဲပြောင်းခြင်း

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအရေးကို ICC သို့ လွှဲပြောင်းနိုင်သည့် အာဏာရှိပါသည်။ ထိုလွှဲအပ်မှုသည် နောက်ကြောင်းပြန် သက်ရောက်မှုရှိနိုင်ပြီး အတိတ်က မြန်မာနိုင်ငံအတွင်း ကျူးလွန်ခဲ့သော ရာဇဝတ်မှုများကို စစ်ဆေးစီရင်ခွင့် ပေးနိုင်ပါသည် (ICC ၏ ရောမစာချုပ် အပိုဒ် ၁၃(ခ))။ ထိုအချက်သည် အရပ်ဖက်အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများက ကာလရှည်ကြာ တောင်းဆိုနေသော အချက်ဖြစ်ပါသည်။ လက်တွေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ (တရုတ်နှင့် ရုရှအပါအဝင်) အမြဲတမ်းအဖွဲ့ဝင် တစ်နိုင်ငံက ၎င်း၏ ဆုံးဖြတ်ချက်များကို ဗီဇိုအာဏာသုံး ပယ်ချနိုင်ခြင်းကြောင့် ဖြစ်နိုင်သောအမှုလွှဲပြောင်းမှုကို တားဆီးနိုင်၍ ထိုကဲ့သို့ ဖြစ်ပေါ်လာရန်မှာ အလွန်ခက်ခဲနိုင်ပါသည်။

## ICC ၏ အဖွဲ့ဝင်ဖြစ်လာခြင်း (Accession)

နိုင်ငံတစ်ခုအတွင်း ကျူးလွန်ခဲ့သော ရာဇဝတ်မှုများကို ICC က စုံစမ်းစစ်ဆေး၍ တရားစွဲဆိုနိုင်သည့် အဓိကနည်းလမ်းမှာ ထိုရာဇဝတ်မှုဖြစ်ပွားခဲ့သော နိုင်ငံသည် ICC ရောမစာချုပ်၏ "အဖွဲ့ဝင်နိုင်ငံ" ဖြစ်လာခြင်း ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံ ဖြစ်ရန်အတွက် တရားဝင်ရုံးစာ ဖြစ်သည့် "လက်ခံအတည်ပြုသည့် ပဋိညာဉ်စာရွက်စာတမ်း – **Instrument of accession**" ကို နိုင်ငံတော်၏ ကိုယ်စားလှယ်များက ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ်ထံသို့ ပေးပို့ရသည် (ICC ရောမစာချုပ် အပိုဒ် ၁၂၅ (၃))။

နိုင်ငံတစ်ခုသည် အဖွဲ့ဝင်နိုင်ငံဖြစ်လာသည်နှင့် ICC သည် အဖွဲ့ဝင်နိုင်ငံ ဖြစ်ပြီး<u>နောက်ပိုင်း</u> ကျူးလွန်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးပြီး တရားစွဲဆိုနိုင်သည်။ (သို့သော် အတိတ်ကာလက ဖြစ်ပွားခဲ့သော အခြေအနေများကိုလည်း စုံစမ်းစစ်ဆေးရန်အတွက် နိုင်ငံတော်က ကြေညာချက်တစ်စောင်ကို ထုတ်ပြန်နိုင်သည် – အောက်တွင် ကြည့်ပါ။)

နိုဝင်ဘာ ၂၀၂၁ အထိ၊ မြန်မာနိုင်ငံ၏ မည်သည့်ကိုယ်စားလှယ်များက လက်ခံအတည်ပြုသည့် ပဋိညာဉ်စာရွက်စာတမ်း (instrument of accession) ကို တင်ပြခဲ့ခြင်း မရှိသေးပါ။ မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံ ဖြစ်လာရန် မကြိုးပမ်းသေးပါ။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က "ကြေညာချက်" တစ်စောင်ကို တင်ပြခဲ့သည်။ ထိုအချက်သည် ကွဲပြားပါသည် (အောက်တွင်ဆက်လက်ကြည့်ပါ)။ အကယ်၍ NUG က instrument of accession ကို တင်ပြခဲ့ပါက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က NUG သည် မြန်မာနိုင်ငံတော်၏ ဥပဒေနှင့်ညီညွတ်သော ကိုယ်စားလှယ်ဟုတ်မဟုတ်ကို ဆုံးဖြတ်ရမည် ဖြစ်သည်။ သူက ကုလအထွေထွေညီလာခံနှင့် အခြားကုလသမဂ္ဂအဖွဲ့အစည်းများ၏ ထိုအရေးအပေါ် ဆုံးဖြတ်ချက်ကို ကြည့်ရှုနိုင်သည်။

## ICC ၏ တရားစီရင်ပိုင်ခွင့်ကို လက်ခံကြောင်း ကြေညာခြင်း

နိုင်ငံတစ်ခုတွင် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများကို ICC အနေဖြင့် စုံစမ်းစစ်ဆေး၍ တရားစွဲအရေးယူနိုင်သည့် အခြားနည်းလမ်းတစ်ခုမှာ ရောမစာချုပ် အပိုဒ် ၁၂(၃) နှင့်အညီ သီးသန့်အခြေအနေတစ်ခု (ဥပမာ – သီးသန့် အချိန်ကာလ အပိုင်းအခြားတစ်ခု) အတွက် ICC ၏ တရားစီရင်ပိုင်ခွင့်ကို လက်ခံကြောင်း နိုင်ငံတော်က "ကြေညာချက်" တစ်စောင် ထုတ်ပြန်ခြင်းပင်ဖြစ်သည်။ ICC က တရားစီရင်ပိုင်ခွင့် စတင်ကျင့်သုံးနိုင်သည့် နေ့ရက်ကို နိုင်ငံတော်က ကြေညာချက်တွင် ဆုံးဖြတ် ထည့်သွင်းနိုင်သည်။ ICC ကို ဖွဲ့စည်းတည်ထောင်ခဲ့သည့် နေ့စွဲအထိ (ဇူလိုင် ၂၀၀၂) နောက်ကြောင်းပြန် အကျိုးသက်ရောက်မှု (အတိတ်က နေ့စွဲတစ်ခုမှ စတင်ခြင်း) ကို ခွင့်ပြုနိုင်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ၁၇ ဇူလိုင် ၂၀၂၁ တွင် *"၂၀၀၁ ခုနှစ် ဇူလိုင်လ (၁) ရက်နေ့နောက်ပိုင်းမှစပြီး မြန်မာနိုင်ငံ၏နယ်နမိတ်အတွင်း ကျူးလွန်ခဲ့သည့် နိုင်ငံတကာရာဇဝတ်မှုများနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (International Criminal Court – ICC) ၏ လုပ်ပိုင်ခွင့်ကို လက်ခံသဘောတူကြောင်း ကြေညာချက်တစောင်ကို တရားရုံး၏ မော်ကွန်းဌာနသို့ တင်သွင်းခဲ့ပြီးဖြစ်ပါသည်"* ဟု သတင်းထုတ်ပြန်ခဲ့သည်။

ICC မှတ်ပုံတင်အရာရှိနှင့် တရားစွဲအရာရှိက NUG ၏ ကြေညာချက်အပေါ်တွင် လက်ခံ/မခံကို ဆုံးဖြတ်ရန် လိုအပ်ပါသည်။ NUG သည် မြန်မာနိုင်ငံတော်၏ ဥပဒေနှင့်ညီညွတ်သော ကိုယ်စားလှယ်ဟုတ်/မဟုတ်ကို သူတို့က ဆုံးဖြတ်ရန်လိုအပ်ပါသည်။ သူတို့သည် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်နိုင်ပါသည်။

ဒီဇင်ဘာ ၂၀၂၁ အထိ၊ ICC က ကြေညာချက်ကို လက်ခံ/မခံ မည်သည့်အချိန်တွင် ဆုံးဖြတ်ချက်ချမှတ်မည်ကို မိမိတို့ မသိရသေးပါ။ အတိတ်က အတွေ့အကြုံများအရ၊ NUG သည် မြန်မာနိုင်ငံ၏ ဥပဒေနှင့်ညီညွတ်သော ကိုယ်စားလှယ်ဖြစ်သည်ဟု ကုလသမဂ္ဂအထွေထွေညီလာခံက ရှင်းလင်းပြတ်သားစွာ ဆုံးဖြတ်ချက်ချမှတ်ခြင်း မရှိပါက ICC တွင် ထိုကြေညာချက်ကို လက်ခံနိုင်မည့် အလားအလာ အနည်းငယ်သာရှိသည်။

## အရပ်ဖက်လူထုအဖွဲ့အစည်းများက ထိတွေ့ဆောင်ရွက်နိုင်သောနည်းလမ်းများ

အရပ်ဖက်အဖွဲ့အစည်းများက အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါသည်။

- ICC အကြောင်း၊ ၎င်း၏ ကန့်သတ်ချက်များအကြောင်း အများပြည်သူများ သိရှိနားလည်အောင် ကူညီရှင်းပြရန်
- တွေ့ဆုံထိတွေ့မှုများနှင့် အများသိနိုင်သော သတင်းအချက်အလက်များကို မြန်မာနိုင်ငံ လူမှုအသိုင်းအဝိုင်း အသီးသီးသို့ အသိပေးဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ရန် ICC အား တိုက်တွန်းရန်
- သက်သေခံအထောက်အထားများကို တရားစွဲအရာရှိထံသို့ ပေးအပ်ရန် (IIMM မှတဆင့် ပေးပို့ ခြင်းအပါအဝင်)
- ကြေညာချက်ကို လက်ခံရန်နှင့် ထိုလုပ်ငန်းစဉ်အဆင့်ဆင့်အကြောင်း အများပြည်သူကို အသိပေးရန် ICC တရားစွဲအရာရှိကို တိုက်တွန်းလှုံ့ဆော်ရန်
- ICC ၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာရန်အတွက် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်ရန် မြန်မာနိုင်ငံကို တိုက်တွန်းလှုံ့ဆော်ရန် (ဝင်ရောက်ခြင်း)

***